



THE REPUBLIC OF THE UNION OF MYANMAR
The Myanmar Investment Commission
PERMIT



Permit No. 573/2013 Date 7, May 2013

The Myanmar Investment Commission issues this Permit under Section 13(b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/ Promoter MR.ZHANG GUILIN

(b) Citizenship CHINESE

(c) Address 301-1-1, 100 HAO, SHU LIN ROAD, KUNMING, YUNNAN PROVINCE, PEOPLE'S REPUBLIC OF CHINA

(d) Name and Address of principal organization KUNMING LONG TRADING CO.,LTD. NO.101, 1/F, BUILDING 1, NO.15, XUNJIN XINCUN, JINBI SUB-DISTRICT OFFICE, XISHAN DISTRICT,KUNMING CITY, YUNNAN PROVINCE, PEOPLE'S REPUBLIC OF CHINA

(e) Place of incorporation PEOPLE'S REPUBLIC OF CHINA

(f) Type of business in which investment is to be PRODUCTION AND MARKETING OF RICE AND CORN

(g) Place(s) at which investment is permitted KWIN NO. 1024 & 1026, YEMON VILLAGE, HLEGU TOWNSHIP, YANGON REGION AND KWIN NO. 1167, AUKE KWIN VILLAGE, PYAPON TOWNSHIP, AYEYARWADDY REGION

(h) Amount of foreign capital US$ 1.56 MILLION

(I) Period for bringing in foreign capital WITHIN TWO YEARS FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) KYAT 2210.0 MILLION (INCLUDING US$ 1.56 MILLION)

(k) Construction period 24 MONTHS

(l) Permitted duration of investment 20 YEARS

(m) Form of investment JOINT-VENTURE

(n) Name of the economic organization to be formed in Myanmar ASIA AGRICULTURE COMPANY LIMITED

Chairman
The Myanmar Investment Commission



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၅၇၃/၂၀၁၃ ၂၀၁၃ ခုနှစ် မေလ ၆ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ (၁၃) ပုဒ်မခွဲ (ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည်-

(က) ရင်းနှီးမြှုပ်နှံသူ/ ကမကထပြုသူ၏အမည် MR.ZHANG GUILIN
(ခ) မည်သည့် နိုင်ငံသား: CHINESE
(ဂ) နေရပ်လိပ်စာ 301-1-1, 100 HAO, SHU LIN ROAD, KUNMING, YUNNAN PROVINCE, PEOPLE'S REPUBLIC OF CHINA
(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ KUNMING LONG TRADING CO.,LTD. NO.101, 1/F, BUILDING 1, NO.15, XUNJIN XINCUN, JINBI SUB-DISTRICT OFFICE, XISHAN DISTRICT, KUNMING CITY, YUNNAN PROVINCE, PEOPLE'S REPUBLIC OF CHINA
(င) ဖွဲ့စည်းရာအရပ် PEOPLE'S REPUBLIC OF CHINA
(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား ဆန်စပါး နှင့် ပြောင်းစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ကွင်းအမှတ် ၁၀၂၄ နှင့် ၁၀၂၆၊ ရဲခွန်ကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကွင်းအမှတ် ၁၁၆၇၊ အောက်ကွင်းရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
(ဇ) နိုင်ငံခြားမတည်ငွေရင်းပမာဏ အမေရိကန်ဒေါ်လာ ၁.၅၆ သန်း
(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ကော်မရှင် ခွင့်ပြုမိန့် ရရှိပြီး (၂)နှစ် အတွင်း
(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) မြန်မာ ကျပ်ငွေ ၂၂၀၀.၀ သန်း (အမေရိကန် ဒေါ်လာ ၁.၅၆ သန်းအပါအဝင်)
(ဋ) တည်ဆောက်မှုကာလ ၂၄ လ
(ဌ) ရင်းနှီးမြှုပ်နှံခွင့်ပြုသည့် သက်တမ်း ၂၀ နှစ်
(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ဖက်စပ်လုပ်ငန်း
(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် စီးပွားရေး အဖွဲ့အစည်းအမည် ASIA AGRICULTURE COMPANY LIMITED

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
Building No.(32), Nay Pyi Taw

Our ref : Ya Ka-1/Na-771/2013(5383) Tel: 067- 406334, 406075
Date : 7th May 2013 Fax: 95-67-406333

Subject: Decision of the Myanmar Investment Commission on the Proposal for "Production and Marketing of rice and corn" under the name of "ASIA Agriculture Company Limited"

Reference: ASIA Agriculture Company Limited Letter No. Admin (TP) 2013 (008) dated of (7.3.2013).

1. The Myanmar Investment Commission, at its meeting (11/2013) held on (29-3-2013) had approved the proposal for investment in "Production and Marketing of rice and corn" submitted as a Joint Venture between Kunming Long Trading Co., Ltd.(60%) from the People's Republic of China and Top Partner Trading Co.,Ltd. (40%) from the Republic of the Union of Myanmar.

2. The Cabinet of the Union Government, at its meeting (13/2013) held on (11-4-2013), resolved to permit the implementation of the proposal. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Republic of the Union of Myanmar Foreign Investment Law and Chapter VIII, Rule 48 of the Foreign Investment Rules relating to the said Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 20 (Twenty) years for commencing from the date of signing of the Lease Agreement for Farm Land and extendable 10 (Ten) years (2) times period by mutual agreement between U Hla Thaung, Pa Pho Hla, U Tun Lwin, U Hla Thaung, U Shwe, U Htay Naing, U San (Aung Shwe), U Kyaw Than, U Saw Myint Aung, U Zaw Zaw Lin, U Aung, U Tin Aye (Land and Buildings) and ASIA Agriculture Company Limited.

4. The annual rent for the Farm Land shall be Kyats 360,000 (Kyats Three Hundred and Sixty thousand only) and calculated at the rate of Kyats 3373.63 per acre per year of the land measuring 106.71 acres and the Land and Buildings

shall be US$ 6000 (United States Dollars Sixty thousand) and calculated at the rate of US$ 2553.19 per acre per year of the land measuring 2.35 acres. The rate of rent for Farm Land, Land and Building shall be revised starting from 4th years by prevailing rate and rent shall be increased 5% for Farm Land and 8% for Land and Buildings accordingly from preceding year's rent.

5. In issuing this "Permit," the Commission has granted, the followings, exemptions and reliefs as per section 27(a) (h) (i) and (k) of the Republic of the Union of Myanmar Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project;

(a) As per section-27(a), income tax exemption for a period of five consecutive years including the year of commencement on commercial production;

(b) As per section-27(h), exemption or relief from customs duty or other internal taxes or both on machineries, equipments, instruments, machinery components, spare parts and materials used in the business which are imported as they are actually required for used during the period of construction of business;

(c) As per section-27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section- 27(k), exemption of relief from commercial tax on the goods produced for export.

6. ASIA Agriculture Company Limited shall have to sign the Farm Land Lease Agreement with U Hla Thaung, Pa Pho Hla, U Tun Lwin, U Hla Thaung, U Shwe, U Htay Naing, U San (Aung Shwe), U Kyaw Than, U Saw Myint Aung, U Aung, U Zaw Zaw Lin and the Land and Buildings Agreement with U Tin Aye. After signing such Agreement, each of (5) copies shall have to be forwarded to the Commission.

7. ASIA Agriculture Company Limited in consultation with the Department of Company Registration, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of

Incorporation and Memorandum and Articles of Association shall have to be forwarded to the Commission.

8. ASIA Agriculture Company Limited has to abide by Chapter X, Rules 56 and 57 of the Foreign Investment Rules for construction of rice mill.

9. As per Chapter X, Rule 59 of the Foreign Investment Rules, extension of construction period shall not be granted more than once except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

10. As per Chapter X, Rule 61of the Foreign Investment Rules, if the investor cannot construct completely in time the construction period or extension period, the Commision will have to terminate the permit issued to the investor and there is no refund for the expenses of rice mill.

11. The commercial date of operation shall be reported to the Commission.

12. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of the Republic of the Union of Myanmar Foreign Investment Law and the investor has to follow the existing Labour Laws for the recruitment of staff and labour in accordance with Chapter XIII, Rule 81 of the Foreign Investment Rules.

13. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of the Republic of the Union of Myanmar Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rules 133 and 134 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under section 2(i) of the said Law, other than foreign currency.

14. ASIA Agriculture Company Limited brings in foreign capital defined under section 2(i) of the said Law, other than foreign currency in the manner stated in

paragraph 13(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

15. ASIA Agriculture Company Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI , Rule 137 of the Foreign Investment Rules and for transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 149 of the Foreign Investment Rules.

16. ASIA Agriculture Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost over run, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

17. ASIA Agriculture Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per comments made by Ministry of Environmental Conservation and Forestry in which to conduct Environmental Impact Assessment (EIA) process and an Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity has to be prepared and submitted and to perform activities in accordance with this EMP and to abide by the environmental policy, Environmental Conservation Law and other environmental related rules and regulations.

18. Payment of principal and interest of the loan(if any) as well as payment for import of raw materials and spare parts etc., shall only be made out of the official foreign exchange earnings of ASIA Agriculture Company Limited.

19. ASIA Agriculture Company Limited in consultation with Myanma Insurance, shall effect such types of insurance defined under Chapter XII, Rules 77 and 78 of the Foreign Investment Rules.

(Soe Thane)

Chairman

ASIA Agriculture Company Limited

cc:
1. Office of the Government of the Republic of the Union of Myanmar
2. Office of the Yangon Region Government
3. Office of the Ayeyarwaddy Region Government
4. Ministry of National Planning and Economic Development
5. Ministry of Finance and Revenue
6. Ministry of Commerce
7. Ministry of Agriculture and Irrigation
8. Ministry of Foreign Affairs
9. Ministry of Home Affairs
10. Ministry of Immigration and Population
11. Ministry of Labour, Employment and Social Security
12. Ministry of Electric Power
13. Ministry of Environmental Conservation and Forestry
14. Director General, Directorate of Investment and Company Administration
15. Director General, Customs Department
16. Director General, Internal Revenue Department
17. Director General, Directorate of Trade
18. Director General, Immigration and National Registration Department
19. Director General, Directorate of Labour
20. Managing Director, Myanma Foreign Trade Bank
21. Managing Director, Myanma Investment and Commercial Bank
22. Managing Director, Myanma Insurance

23. Managing Director, Myanma Electric Power Enterprise
24. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry(UMFCCI)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၆(ခ)/န-၇၇၁/၂၀၁၃ (၃၆၂၂)
ရက်စွဲ ၊ ၂၀၁၃ ခုနှစ် မတ်လ ၂၈ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ASIA Agriculture Co., Ltd. တည်ထောင်၍ မြန်မာနိုင်ငံတွင် contract farming စနစ်ဖြင့် ဆန်စပါးနှင့် ပြောင်းစိုက်ပျိုးခြင်း၊ အရည်အသွေးပြည့်မီစေရန် နည်းပညာ အကူအညီဖြင့် လယ်ယာမြေများပြုပြင်ခြင်း၊ လယ်ယာသီးနှံများစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်း၊ တာရှည်ခံအောင် ပြုလုပ်ခြင်းနှင့် ဆန်စက်တည်ထောင်လုပ်ကိုင်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Long Trading Co., Ltd. မှ ၆၀% နှင့် မြန်မာနိုင်ငံ Top Partner Co.,Ltd. မှ ၄၀% ထည့်ဝင်၍ ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် ASIA Agriculture Co.,Ltd. တည်ထောင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာအုပ်စု ၁၀၆.၇၁ ဧကတွင် ဆန်စပါးစိုက်ပျိုးခြင်း၊ လယ်ယာသီးနှံများအား စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ နည်းပညာအကူ အညီဖြင့် လယ်ယာမြေများပြုပြင်ခြင်း၊ တာရှည်ခံအောင် ပြုလုပ်ခြင်းလုပ်ငန်းနှင့် ဧရာဝတီတိုင်း ဒေသကြီး၊ ဖျာပုံမြို့၊ အောက်ကွင်းကျေးရွာ ၂.၃၅ ဧကတွင် ဆန်စက်တည်ထောင်လုပ်ကိုင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုပါရန် ကော်မရှင်သို့ တင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့် အတူ ASIA Agriculture Co., Ltd. နှင့် ဦးလှသောင်း၊ ပဖိုးလှ၊ ဦးထွန်းလွင်၊ ဦးလှသောင်း၊ ဦးရွှေ၊ ဦးဌေးနိုင်၊ ဦးဆန်း(အောင်ရွှေ)၊ ဦးကျော်သန်း၊ ဦးစောမြင့်အောင်၊ ဦးအောင်၊ ဦးဇော်ဇော်လင်း တို့ချုပ်ဆိုမည့် Lease Agreement for Farm Land စာချုပ်(မူကြမ်း)၊ ASIA Agriculture Co., Ltd. နှင့် ဦးတင်အေး တို့ချုပ်ဆိုမည့် Lease Agreement for Land and Buildings စာချုပ်(မူကြမ်း)၊ Kunming Long Trading Co.,Ltd. နှင့် Top Partner Co.,Ltd. တို့ ချုပ်ဆိုမည့် Joint Venture Agreement စာချုပ် (မူကြမ်း)များကို ပူးတွဲတင်ပြထားပါသည်။

၃။ လုပ်ငန်း၏ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ US$ ၁.၅၆ သန်းနှင့် ကျပ် ၈၈၄သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု US$ ၁.၅၆ သန်း တွင် ငွေသား US$ ၀.၁၈၆ သန်း Building & Development US$ ၀.၆၅၈ သန်း၊ ပြည်ပမှ စက်ပစ္စည်း တင်သွင်းမှု US$ ၀.၆၂၃သန်း၊ ပြည်ပမှမျိုးစေ့များ၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ဘတ်တီးရီးယားသတ်ဆေးနှင့် သဘာဝမြေသြဇာများ တင်သွင်းမှုအတွက် US$ ၀.၀၉၃သန်း နှင့် ကျပ် ၈၈၄သန်းတွင် ရုံးသုံးပစ္စည်းကိရိယာများ ကျပ် ၄.၆၇သန်း၊ မြေနှင့် အဆောက်အဦး ကျပ် ၆၂၀.၀၇၅ သန်း နှင့် ထရပ်ကားနှင့် မော်တော်ယာဉ် ဝယ်ယူမှုအတွက် ကျပ် ၂၅၉.၂၅၀ သန်း တည့်ဝင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ လုပ်ငန်းသက်တမ်းကာလမှာ ၂၀နှစ်နှင့် တည်ဆောက်ရေးကာလမှာ ၂၄ လ ဖြစ်ကြောင်း တင်ပြထား ပါသည်။

၅။ စိုက်ပျိုးမည့် လယ်မြေများမှာ ၁၀၆.၇၁ ဧက နှင့် ဆန်စက်တည်ဆောက်မည့် မြေဧရိယာမှာ ၂.၃၅ ဧက ဖြစ်ကြောင်း တင်ပြထားပါသည်။ စိုက်ပျိုးမည့်လယ်မြေများအတွက် မြေငှားရမ်းခနှုန်းမှာ တစ်နှစ်လျှင် ကျပ် ၃၆၀,၀၀၀ ဖြစ်ပြီး လေးနှစ်မြောက်မှစတင်၍ ၅% တိုးမြှင့် မည်ဖြစ်ကြောင်းနှင့် ဆန်စက် တည်ဆောက်မည့် မြေဧရိယာအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆,၀၀၀ နှုန်း ဖြစ်ပြီး လေးနှစ်မြောက်မှစတင်၍ ၈% တိုးမြှင့်မည်ဖြစ် ကြောင်းဖော်ပြထားပါသည်။

၆။ **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့** မှ လှည်းကူးမြို့နယ်၊ ရဲမွန်ကျေးရွာအုပ်စုတွင် ဆန်စပါး စိုက်ပျိုးခြင်းလုပ်ငန်းများအတွက် ကွင်းဆင်းစိစစ်မှုအရ အဆိုပြုမြေနေရာသည် လယ်ယာ စီမံကိန်း နှင့် ကိုက်ညီမှုရှိပါကြောင်း၊ တောင်သူလယ်သမားတို့၏ လယ်ယာ/ စီးပွားရေးကို ထိခိုက်မှုမရှိပါ ကြောင်း၊ သဘာဝပတ်ဝန်းကျင်အား ထိခိုက်မှုမရှိနိုင်ပါကြောင်းနှင့် ၂၀၁၂-၂၀၁၃ မိုးတွင်း၌ မိုးစပါး ကို ၎င်းတို့မျိုးဖြင့် စိုက်ပျိုးပြီး တောင်သူပညာပေးလုပ်ငန်းများလုပ်ကိုင်ခဲ့သဖြင့် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေးကိုက်ညီမှုရှိပြီး ခေတ်မီနည်းပညာဖြင့် တာရှည်ခံအောင်ပြုလုပ် ခြင်းလုပ်ငန်းများနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို အကျိုးပြုနိုင်၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သစ်ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြထားပါသည်။ **နောက်ဆက်တွဲ-က**

၇။ **ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့** မှ အဆိုပြုမြေနေရာသည် ဆန်စက်မြေအဖြစ် အသုံးပြုလျက်ရှိခြင်း၊ ရေလမ်းဖြင့်ဆက်သွယ်သွားလာမှုကောင်းမွန်ခြင်း၊ ပြည်သူတို့၏ စီးပွားရေး ကို ထိခိုက်နိုင်မှုမရှိကြောင်း၊ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်နိုင်ရန် လက်ရှိအသုံးပြု

နေသော ရေဆိုးထုတ် ရေစစ်ကန်ကို ဆက်လက်၍ စနစ်တကျပြုပြင်ဆောင်ရွက်သုံးစွဲရန် လိုအပ်ပါကြောင်းနှင့် ဖျာပုံမြို့နယ်သည် ဆန်စပါးကို အဓိကထားသည့် မြို့နယ်ဖြစ်သောကြောင့် ဒေသ၏စီးပွားရေးနှင့်ကိုက်ညီမှုရှိကြောင်းသဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-ခ**

၈။ **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** မှ အဆိုပြုတင်ပြလာသည့် လုပ်ငန်းကိစ္စအား လုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်ပါက ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-ဂ**

၉။ **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** မှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်အရ ဆောင်ရွက်သင့်ပါကြောင်း၊ စိုက်ပျိုးတင်ပို့မှုများတိုးတက်လာနိုင်ပါကြောင်း၊ စိုက်ပျိုးကေတစ်ရာမှ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်း ဖြစ်သောကြောင့် ပြည်တွင်းလုပ်ငန်းများအား ထိခိုက်မှုမရှိနိုင်ပါကြောင်းနှင့် ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်ရောင်းချခြင်းဖြစ်၍ ကုန်သွယ်မှုရှုထောင့်မှ ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-ဃ**

၁၀။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန** မှ လုပ်ငန်းလည်ပတ်ခြင်းနှင့် ထုတ်လုပ်ခြင်းအဆင့်ဆင့်တို့၏ စီမံကိန်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာဖော်ပြပြီးလုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကိုထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် စက်ကိရိယာများနှင့် ကုန်ထုတ်လုပ်မှုနည်းပညာများ အသုံးပြုရန်၊ ဆန်စက်ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့အတွက် ကနဦး ပတ်ဝန်းကျင်စိစစ်ခြင်း (Initial Environmental Examination-IEE) လုပ်ငန်းကို ဆောင်ရွက်၍ အစီရင်ခံစာတင်ပြရန်၊ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် ဆောင်ရွက်မည့် အစီအစဉ်များပါဝင်သော ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါ လုပ်ငန်းများကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒ၊ ဥပဒေများကိုလိုက်နာဆောင်ရွက်ရန် သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-င**

၁၁။ လုပ်ငန်းမှ ထွက်ရှိလာသောကုန်ချောများကို ပြည်ပ ၅၀% နှင့် ပြည်တွင်း ၅၀% တင်ပို့ရောင်းချမည်ဖြစ်၍ ဖွဲနုကို ပြည်တွင်းတွင် ၁၀၀% ရောင်းချမည်ဖြစ်သည်။ ပုံမှန်နှစ် (ဖြနှစ်မြောက်) ထုတ်လုပ်မှုမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

	အမျိုးအမည်	ဈေးနှုန်း	
		ပြည်တွင်း(Ks/Kg)	ပြည်ပ(USD/Kg)
(က)	ဆန်	၃၂၃	၀.၃၈
(ခ)	ဆန်ကွဲ	၁၈၀	၀.၂၁
(ဂ)	ဖွဲနု	၃၆	-
(ဃ)	မျိုးစေ့	၁,၇၀၀	၂.၀၀
(င)	ပြောင်းစေ့	၁,၇၀၀	၂.၀၀
(စ)	ပြောင်းဖူးခြောက်	၂၁၃	၀.၂၅

၁၂။ ဤလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင် ပုံမှန်နှစ် (ဖြနှစ်မြောက်) တွင် ကုမ္ပဏီမှရရှိမည့် အကျိုးအမြတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

		ကျပ်(သန်း)	အမေရိကန်ဒေါ်လာ(သန်း)
(က)	ဝင်ငွေ	၆၁၇.၁၃၄	၀.၇၁၉
(ခ)	အသုံးစရိတ်	၄၉၉.၉၁၇	၀.၆၀၁
(ဂ)	အသားတင်အမြတ်	၁၁၇.၂၁၇	၀.၁၁၈

၁၃။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ် (ဖြနှစ်မြောက်) တွင် နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်ခန့်မှန်းခြေမှာ ဝင်ငွေခွန် အမေရိကန်ဒေါ်လာ၀၀၁၆,၈၈၄ နှင့် ကျပ် ၃၉.၀၇၂ သန်း ဖြစ်ပါသည်။

၁၄။ လုပ်ငန်း၏ အရင်းကြေကာလမှာ ၇နှစ် ၁လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ် နှုန်းမှာ ၁၀.၆၆%ဖြစ်ပါသည်။ 1US$ တွင် ကျပ် ၈၅၀နှုန်းဖြင့် တွက်ချက်ထားပါသည်။

၁၅။ လုပ်ငန်းဆောင်ရွက်မည့် ဝန်ထမ်းဦးရေမှာ ပြည်တွင်း ၉၃ ဦး နှင့် ပြည်ပ ၁၃ ဦး စုစုပေါင်း ၁၀၆ ဦး ခန့် ထားမည်ဖြစ်ပါသည်။

၁၆။ ပြည်ပမှတင်သွင်းမည့် စက်ပစ္စည်းများစာရင်းတွင် Tractor ၂စီး၊ ထော်လာဂျီ ၅ စီး ပါဝင်ပါသည်။

၁၇။ ငွေကြေးဆိုင်ရာအထောက်အထားအဖြစ် Top Partner Co.,Ltd. မှ Live Stock and Fisheries Development Bank တွင် ၁၄-၂-၂၀၁၃ နေ့စွဲဖြင့် ကျပ် ၈၀၂၈၈၁၈၆.၅၀ နှင့် Kunming Long Trading Co., Ltd. မှ ၁၂-၁၂-၂၀၁၁ နေ့စွဲဖြင့် RMB 3,002,900.82 (၎င်းနှင့် ညီမျှသော US$ ၄၈၁၈၁၃.၂) ရှိကြောင်း ဖော်ပြထားသည့် အထောက်အထားကို တင်ပြထားပါသည်။

၁၈။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၂)အပိုဒ် (၂၇)ပါ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာ ခွင့်များကို ခံစားခွင့်ပြုရန် တင်ပြထားပါသည်။

၁၉။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃ အရ အခြားခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများစာရင်း အပိုဒ်(၁၈) ကောက်ပဲသီးနှံများအား လိုအပ်သည့် သွင်းအားစုများအား တင်သွင်းအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်၌ ဖြန့်ဖြူးခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းတွင် ပါဝင်ပြီး ဖက်စပ်စနစ်ဖြစ်၍ တိုင်းရင်းသားလုပ်ငန်းရှင်မှ အနည်းဆုံး ၄၀% ပါဝင်သည့် လုပ်ငန်း ဖြစ်၍ ခွင့်ပြုနိုင်ရန် တင်ပြအပ်ပါသည်။

၂၀။ သို့ဖြစ်ပါ၍ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ASIA Agriculture Co.,Ltd. တည်ထောင်၍ မြန်မာနိုင်ငံတွင် contract farming စနစ်ဖြင့် ဆန်စပါးနှင့် ပြောင်းစိုက်ပျိုးခြင်း၊ အရည်အသွေးပြည့်မီစေရန် နည်းပညာအကူအညီဖြင့် လယ်ယာမြေများပြုပြင်ခြင်း၊ လယ်ယာသီးနှံ များစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်း၊ တာရှည်ခံအောင်ပြုလုပ်ခြင်းနှင့် ဆန်စက် တည်ထောင်လုပ်ကိုင်ခြင်းလုပ်ငန်း အဆိုပြုတင်ပြ လာခြင်းအပေါ်လမ်းညွှန်မှုခံယူအပ်ပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)

(ချိုချိုဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

ကုမ္ပဏီဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/ အစုရှင်များ၏ အမည်	ဒါရိုက်တာ/ အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	ASIA Agriculture Co., Ltd.	**Kunming Long Trading Co.,Ltd.** Represented by-	
		(၁) Mr. Zhang Guilin Managing Director Chinese P.P No. G35834042	310-1-1, 100 HAO, SHULIN Road, Kunming Yunnan, China
		(၂) Ms. Long Fang Director Chinese P.P No. G35834043	310-1-1, 100 HAO, SHULIN Road, Kunming Yunnan, China
		Top Partner Co.,Ltd. Represented by-	
		(၃) Daw Zin Mar Win Director Myanmar 7/ThaWaTa(Naing)000148	No.720(7th Fl), A Block, Nyaung Pin Law Plaza, Lanmadaw Township, Yangon, Myanmar

၁။ ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် -

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ - အမှတ် ၇၂၀၊ ပထမထပ် ညောင်ပင်လေး ပလာဇာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

၃။ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်အမည်၊ ရာထူး - ဒေါ်ဇင်မာဝင်း၊ ဒါရိုက်တာ

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ	-	မြန်မာနိုင်ငံတွင် contract farming စနစ်ဖြင့် ဆန်စပါးနှင့် ပြောင်းစိုက်ပျိုးခြင်း၊ အရည် အသွေးပြည့် မီစေရန် နည်းပညာအကူအညီဖြင့် လယ်ယာမြေများပြုပြင်ခြင်း၊ လယ်ယာသီးနှံများစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်း၊ တာရှည်ခံအောင်ပြုလုပ်ခြင်းနှင့် ဆန်စက်တည်ထောင်လုပ်ကိုင်ခြင်းလုပ်ငန်း
၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/ နေ့စွဲ	-	-
၆။ ကုမ္ပဏီမှတ်ပုံတင်ကုန်ဆုံးသည့်နေ့စွဲ	-	-
၇။ ဘဏ်အမည်နှင့် ဘဏ်စာရင်းအမှတ်	-	-